# ဖိလေမုန်ဩဝါဒစာ

နိဒါန်း

ဖိလေမုန်သည်ထင်ပေါ်သောခရစ်ယာန်တစ်ဦး ဖြစ်သည်။ ကောလောသဲအသင်းတော်ဝင်တစ်ဦး ဖြစ်ဖွယ်ရာရှိသည်။ သူသည်ကျွန်ဖြစ်သူဩနေ သိမ်ကိုပိုင်သောသခင်ဖြစ်သည်။ ဩနေသိမ်သည် မိမိသခင်ထံမှထွက်ပြေးကာ အကျဉ်းခံနေ ရသောရှင်ပေါလုနှင့်ဆက်သွယ်မိသည်။ ရှင် ပေါလု၏ဆောင်ရွက်မှုကြောင့်ဩနေသိမ်သည် ခရစ်ယာန်ဖြစ်လာလေသည်။ ဖိလေမုန် ဩဝါဒစာတွင် ရှင်ပေါလုသည်မိမိပြန် ပို့သောဩနေသိမ်ကိုပြန်လည်လက်ခံရန် လည်းကောင်း၊ ခွင့်လွှတ်ခြင်းခံရသောကျွန် အဖြစ်နှင့်သာမက ခရစ်ယာန်ညီအစ်ကို တစ်ယောက်အဖြစ်နှင့်လည်းလက်ခံရန် လည်းကောင်း ဖိလေမုန်အားမေတ္တာရပ်ခံ ပေသည်။

**အကြောင်းအရာအကျဉ်းချုပ်**

နိဒါန်း ၁-၃
ဖိလေမုန်ကိုချီးကူးခြင်း ၄-၇
ဩနေသိမ်အတွက်မေတ္တာရပ်ခံခြင်း ၈-၂၂
နိဂုံး ၂၃-၂၅

1 ခရစ်တော်ယေရှု၏အမှုတော်ကိုထမ်းရွက်
သည့်အတွက်ကြောင့် အကျဉ်းခံနေရသူငါ
ပေါလုနှင့်ငါတို့၏ညီတိမောသေထံမှ ငါ
တို့ချစ်သောလုပ်ဖော်ဆောင်ဘက်ဖိလေမုန်ထံ
သို့လည်းကောင်း၊–
2 ငါတို့နှမအ ပ္ ပိ၊ ငါတို့၏ရဲဘော်စစ်သည်တော်
အာခိ ပ္ ပုနှင့် သင်၏အိမ်တွင်စုဝေးသည့်အသင်း
တော်ဝင်တို့ထံသို့လည်းကောင်းစာရေးလိုက် ပါသည်။✡
3 ငါတို့အဖဘုရားသခင်နှင့်သခင်ယေရှု
ခရစ်၏ထံတော်မှ ကျေးဇူးတော်နှင့်ငြိမ်သက် ခြင်းကို
သင်တို့အားလုံးခံစားရကြပါစေ သော။

## ဖိလေမုန်၏မေတ္တာနှင့်ယုံကြည်ခြင်း

4-5 ငါ့ညီဖိလေမုန်၊ ဘုရားသခင်၏လူစုတော်ဝင်
အပေါင်းတို့အားသင်ချစ်ခင်ပုံ၊ သခင်ယေရှုကို
သင်ယုံကြည်ပုံကိုကြားသိရသဖြင့် ငါသည်
ဆုတောင်းပ တ္ ထနာပြုသည့်အခါတိုင်း
သင့်ကို အကြောင်းပြု၍ဘုရားသခင်၏ကျေးဇူး
တော်ကိုချီးမွမ်း၏။–
6 ယုံကြည်သူများဖြစ်ကြသောသင်နှင့်ငါတို့
သည် အချင်းချင်းမိတ်သဟာယဖွဲ့ခြင်းအား
ဖြင့် ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်လျက်

---

✡ **1:2** ကော၊ ၄:၁၇။

ငါတို့ခံစားရသည့်ကောင်းချီးမင်္ဂလာအပေါင်း
ကိုပိုမိုနက်နဲစွာသိရှိနားလည်နိုင်ကြရန် ငါဆုတောင်း၏။-
7 ငါ့ညီ၊ သင်၏မေတ္တာသည်ငါ့အားအလွန်ဝမ်း
မြောက်စေ၍များစွာအားတက်စေ၏။ သင်သည်
ဘုရားသခင်၏လူစုတော်ဝင်အပေါင်းတို့
အားစိတ်ရွှင်လန်းစေလေပြီ။

## သြနေသိမ်အတွက်မေတ္တာရပ်ခံခြင်း

8-9 ဤအကြောင်းကြောင့်ငါသည်ခရစ်တော်၌ညီ
အစ်ကိုချင်းအနေဖြင့် သင်ပြုသင့်သည့်အမှု
အရာကိုပြုရန်အမိန့်ပေးနိုင်ခွင့်ရှိသည်ဟု
ယုံကြည်သော်လည်း ငါသည်သင့်ကိုချစ်သော
ကြောင့်သင့်အားမေတ္တာရပ်ခံပါ၏။ ခရစ်တော်
ယေရှု၏သံတမန်ဖြစ်သူ၊ ယခုအခါခရစ်
တော်ယေရှုအတွက်အကျဉ်းခံနေရသူငါ
ပေါလုသည်သင့်အားမေတ္တာရပ်ခံပါ၏။-
10 ငါအကျဉ်းခံလျက်နေရစဉ်အခါ၌ခရစ်
တော်၌ ငါ၏သားဖြစ်လာသူသြနေသိမ်အတွက်
မေတ္တာရပ်ခံပါ၏။-✡
11 သူသည်ယခင်ကသင့်အတွက်အသုံးမဝင်ခဲ့
သော်လည်း ယခုအခါသင်၏အတွက်နှင့်ငါ၏
အတွက်ပါအသုံးဝင်လာလေပြီ။-

---

✡ **1:10** ကော၊ ၄:၉။

12 ငါသည်ငါ၏ရင်သွေးကိုသင်၏ထံသို့ပြန်၍
စေလွှတ်လိုက်ပါ၏။-
13 ငါသည်သတင်းကောင်းကိုဟောပြောကြေညာ
မှုကြောင့် အကျဉ်းခံလျက်နေရစဉ်အခါတွင်
သင်၏ကိုယ်စားငါ့အားကူညီစေရန်သူ့ကို
ခေါ်ထားလိုပါသည်။-
14 သို့ရာတွင်သင်၏သဘောတူညီချက်မရရှိ
ဘဲအဘယ်အမှုကိုမျှငါမပြုလိုပါ။ ငါ့ကို
ကူညီမစစေရန်သင့်အားအနိုင်အထက် မပြုလိုပါ။
သင်၏စေတနာအလျောက်သာ လျှင်မစစေလိုပါ၏။
15 ဩနေသိမ်သည်သင်နှင့်အစဉ်ပြန်လည်နေထိုင်
နိုင်ရန် သင်နှင့်ခေတ္တမျှခွဲခွာရခြင်းဖြစ်တန်ရာ၏။-
16 ယခုအခါသူသည်ကျွန်မျှသာမဟုတ်တော့ဘဲ
ခရစ်တော်၌ချစ်သောညီအစ်ကိုဖြစ်လာပေပြီ။
သူသည်ငါ၏အတွက်အလွန်တန်ဖိုးရှိပေသည်။
သို့ရာတွင်သင်၏အတွက်ကျွန်အနေနှင့်လည်း
ကောင်း၊ သခင်ဘုရား၌ညီအစ်ကိုအနေနှင့်
လည်းကောင်းများစွာပို၍ပင်တန်ဖိုးရှိမည်။
17 သို့ဖြစ်၍သင်သည်ငါ့အားမိမိ၏လုပ်ဖော်
ဆောင်ဘက်အနေဖြင့် ကြိုဆိုလက်ခံသကဲ့
သို့သူ့အားကြိုဆိုလက်ခံပါလော့။-
18 အကယ်၍သူသည်သင့်အားတစ်စုံတစ်ရာ
ပြစ်မှားမိခဲ့သော်လည်းကောင်း၊ တစ်စုံတစ်ရာ

ပေးဆပ်စရာရှိခဲ့သော်လည်းကောင်း ငါ
တာဝန်ယူပါမည်။-
19 ``ငါပေါလုသည်ထိုအကြွေးကို ပေးဆပ်ပါ
မည်'' ဟူ၍ ငါကိုယ်တိုင်လက်မှတ်ရေးထိုးပါ၏။
(သင့်ကိုယ်တိုင်ပင်လျှင် သင်၏ဘဝသစ်အတွက်
ငါ့အားပေးဆပ်စရာရှိကြောင်း ဖော်ပြရန် မလိုပါ။-)
20 သို့ဖြစ်၍ငါ့ညီ၊ သခင်ဘုရား၏မျက်နှာတော်
ကိုထောက်၍ငါ့အားကျေးဇူးပြုပါလော့။ ခရစ်
တော်၌ညီအစ်ကိုအနေဖြင့်ငါ့အားစိတ်ရွှင်
လန်းစေပါလော့။

21 သင်သည်ငါမေတ္တာရပ်ခံသည့်အတိုင်းပြုလုပ်
လိမ့်မည်ဟုစိတ်ချယုံကြည်လျက် ဤစာကိုရေး
လိုက်၏။ အမှန်စင်စစ်ထိုထက်ပင်ပို၍ပြုလုပ်
လိမ့်မည်ကိုငါသိပါ၏။-
22 ထို့အပြင်ငါတည်းခိုရန်အခန်းတစ်ခုကို
အသင့်ပြင်ထားပါလော့။ အဘယ်ကြောင့်ဆို
သော်ဘုရားသခင်သည်သင်တို့အပေါင်း၏
ဆုတောင်းပ တ္ထနာကိုနားညောင်းတော်မူ၍
ငါ့ အားသင်တို့ထံသို့ပြန်လည်ရောက်ရှိစေတော်
မူလိမ့်မည်ဟုငါမျှော်လင့်သောကြောင့်ဖြစ်၏။

## နောက်ဆုံးနှုတ်ဆက်ခြင်း

23 ခရစ်တော်ယေရှုအတွက်ကြောင့်ငါနှင့်အတူ
အကျဉ်းခံရသူပေဖြကလည်းကောင်း၊–✡
24 ငါ၏လုပ်ဖော်ဆောင်ဘက်များဖြစ်ကြသည့်
မာကု၊ အာရိ တ္ တခု၊ ဒေမနှင့်လုကာတို့က
လည်းကောင်းသင့်ကိုနှုတ်ဆက်ကြ၏။–✡
25 သခင်ယေရှုခရစ်၏ကျေးဇူးတော်ကိုသင်
တို့အားလုံးခံစားရကြပါစေသော။ ဖိလေမုန်ဩဝါဒစာပြီး၏။

✡ **1:23** ကော၊ ၁:၇၊ ၄:၁၂။ ✡ **1:24** တ၊ ၁၂:၁၂၊၂၅၊ ၁၃:၁၃၊ ၁၅:၃၇–၃၉၊ ၁၉:၂၉၊ ၂၇:၂။ ကော၊ ၄:၁၀၊၁၄။ ၂တိ၊ ၄:၁၀၊၁၁။

# Common Language Bible

## Burmese: Common Language Bible Bible without Deuterocanon

Public Domain

Language: Mynmar language (Burmese)

Translation by: Bible Society of Myanmar

## Burmese Common Language Bible

This translation is published by the Bible Society of Myanmar.
If you are interested in obtaining a printed copy, please contact the Bible Society of Myanmar at https://bsmyanmar.org/.

© 2005 Bible Society of Myanmar. Note: Myanmar is not a member of the Berne Convention treaty, so this copyright does not extend outside of Myanmar.

2014-03-30

---

PDF generated using Haiola and XeLaTeX on 28 Dec 2024 from source files dated 1 Jul 2021
de6d28cc-10f3-5485-8960-5628a6c52793